မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၅၀ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် ( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးလှကျော် | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဦးဝင်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာဒေါ်ရီရီဝင်း<br>ဒုတိယပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ် (စစ်ကိုင်း)<br>သမဝါယမဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ် (စစ်ကိုင်း)<br>သမဝါယမဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (ခ) | ဦးသောင်းဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်<br>အကောင်အထည်ဖော်ရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ဂ) | ဦးခင်မောင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၈၂/ ၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )

### ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုလွှတ်တော်နာယကသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ရုံး၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုပြီးဖြစ်သော ဖွံ့ဖြိုးရေးရန်ပုံငွေများကို သတ်မှတ်ကာလအတွင်း စနစ်တကျ အသုံးပြုနိုင်ရေးအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### ရည်ရွယ်ချက်

၁။ ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ရခြင်း ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာမဲဆန္ဒနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်ညီညွတ်စေရန်၊

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူတို့၏ အဓိကလိုအပ်ချက်များကို ပြည်သူများနှင့် ပူးပေါင်း၍ လက်တွေ့ကျကျဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်၊

(ဂ) မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များအား သုံးစွဲရန်ခွင့်ပြုထားသော ဘဏ္ဍာငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်ကို လွယ်ကူရှင်းလင်းစွာ စနစ်တကျဆောင်ရွက်နိုင်စေရန်။

## အခန်း (၂)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤလုပ်ထုံးလုပ်နည်းများကို **ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**ဟု ခေါ်တွင်စေရမည်။

၃။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **လုပ်ငန်း**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်သည့် ရန်ပုံငွေဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် **ဖွံ့ဖြိုးရေး** လုပ်ငန်းကို ဆိုသည်။

(ခ) **ကော်မတီ**ဆိုသည်မှာ လုပ်ငန်းများအတွက် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်နာယကက ဖွဲ့စည်းပေးသော **ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ**ကို ဆိုသည်။

(ဂ) **လွှတ်တော်ကော်မတီ**ဆိုသည်မှာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ တို့အရ ဖွဲ့စည်းထားသော လွှတ်တော် ကော်မတီအသီးသီးကို ဆိုသည်။

(ဃ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာမြို့နယ်၏ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(င) **မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တာဝန်ခံကြီးကြပ်ရန် ဤလုပ်ထုံး လုပ်နည်းအရ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ရန်ပုံငွေ**ဆိုသည်မှာ လုပ်ငန်းအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ခွဲဝေချထားပေးသော ရန်ပုံငွေကို ဆိုသည်။

(ဆ) **အဆိုပြုတင်ပြချက်**ဆိုသည်မှာ ကော်မတီ၏ဘဏ္ဍာငွေခွင့်ပြုချက်ရယူ၍ အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က အဆိုပြုတင်ပြသည့် လုပ်ငန်းများကို ဆိုသည်။

(ဇ) **လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်၌ ကော်မတီက ခွင့်ပြုသည့် လုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ လုပ်ငန်း၏မူလရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော် နိုင်ခြင်း ရှိ မရှိ၊ လုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးရန် ကော်မတီက ဖွဲ့စည်းပေးသောအဖွဲ့ကို ဆိုသည်။

## အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုလွှတ်တော်သည် ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) နာယက ပြည်ထောင်စုလွှတ်တော် - ဥက္ကဋ္ဌ

| | | |
|---|---|---|
| (ခ) ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်/ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | - | တွဲဖက်ဥက္ကဋ္ဌ |
| (ဂ) ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် | - | အဖွဲ့ဝင် |
| (ဃ) ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | - | အဖွဲ့ဝင် |
| (င) ဥက္ကဋ္ဌ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ပြည်ထောင်စုလွှတ်တော် | - | အဖွဲ့ဝင် |
| (စ) ဥက္ကဋ္ဌ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ ပြည်ထောင်စုလွှတ်တော် | - | အဖွဲ့ဝင် |
| (ဆ) ညွှန်ကြားရေးမှူးချုပ် လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ရုံး | - | အတွင်းရေးမှူး |
| (ဇ) ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံး | - | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဈ) ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး | - | တွဲဖက်အတွင်းရေးမှူး (၂) |

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်များတွင် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒ ချမှတ်ခြင်း၊

(ခ) လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့က အဆိုပြုတင်ပြသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ သင့်လျော်သည့် လွှတ်တော်ကော်မတီများအား စိစစ်တင်ပြရန် လိုအပ်ပါက တာဝန်ပေးအပ်ခြင်း၊

(ဃ) ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်သလို စီမံခန့်ခွဲခြင်း၊ စစ်ဆေးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များက ဘဏ်စာရင်းဖွင့်လှစ်ဆောင်ရွက်စေခြင်း၊ ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းဇယားများ ပြုစုထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့က အခါအားလျော်စွာတင်ပြသော အစီရင်ခံစာများကို စိစစ်သုံးသပ်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(စ) ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများအား သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လိုအပ်ပါက လွှဲပြောင်းအပ်နှံစေခြင်း၊

(ဆ) မြို့နယ်အရွယ်အစားသေးငယ်ပြီး မူလလျာထားသတ်မှတ်ထားသော ရန်ပုံငွေကို အပြည့်အဝ သုံးစွဲရန် အခြေအနေမရှိပါက ယင်းမြို့နယ်များသို့ သင့်လျော်သည့် ဘဏ္ဍာရန်ပုံငွေကို စိစစ် ခွင့်ပြုခြင်း၊

(ဇ) အကြောင်းအမျိုးမျိုးကြောင့် မူလလျာထားသတ်မှတ်ထားသော ရန်ပုံငွေထက် ပိုမိုသုံးစွဲရန်ရှိသော မြို့နယ်များသို့ သင့်လျော်သည့် ဘဏ္ဍာရန်ပုံငွေကို စိစစ်၍ ထပ်မံခွင့်ပြုခြင်း၊

(ဈ) မြို့နယ်များ၏ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စာရင်းချုပ်ပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံခြင်း။

## အခန်း (၄)

## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

### ဖွဲ့စည်းခြင်း

၆။ မြို့နယ်အလိုက် သက်ဆိုင်ရာပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေး အဖွဲ့ကို ဖွဲ့စည်းရမည်။ အဖွဲ့၏နာယက သို့မဟုတ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ညှိနှိုင်း သတ်မှတ်၍ တာဝန်ယူဆောင်ရွက်ရမည်။

### လုပ်ငန်းတာဝန်များ

၇။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် -

(က) မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီက တင်ပြလာသော ဖွံ့ဖြိုးရေးလုပ်ငန်းလျာထားချက် များကို ညှိနှိုင်းရွေးချယ်ပြီး အစည်းအဝေးဆုံးဖြတ်ချက်မိတ္တူ (၁) စောင်နှင့်အတူ ကော်မတီသို့ **လုပ်ငန်းနှင့် ရန်ပုံငွေသုံးစွဲခွင့်တောင်းခံခြင်း အဆိုပြုတင်ပြချက် ပုံစံ (၁) ဖြင့်** တင်ပြခြင်း၊

(ခ) ကော်မတီ၏ခွင့်ပြုချက်ဖြင့် လွှဲပြောင်းပေးပို့လာသောငွေကို သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများတွင် စာရင်းရှင်ငွေစာရင်း (Current Account) ဖွင့်လှစ်ပြီး ငွေထုတ်မည့်ကိုယ်စားလှယ် (၃) ဦး၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်ကို ကော်မတီသို့ ပေးပို့ခြင်း၊

(ဂ) အစည်းအဝေးဆုံးဖြတ်ချက်အရ အတည်ပြုဆောင်ရွက်မည့်လုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီမှ တာဝန်ခံယူဆောင်ရွက်စေခြင်း၊

(ဃ) မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ကိုလည်း အထောက် အကူပြု ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ခြင်း၊

(င) လုပ်ငန်းဆောင်ရွက်ရာတွင် အချိန်မီပြီးစီးနိုင်စေရေးအတွက် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ငွေထုတ်ပေးခြင်း၊ လုပ်ငန်းများကြီးကြပ်ခြင်း၊

(စ) ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် တင်ပြလာသော လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာများကို စုစည်း၍ ကော်မတီသို့ အစီရင်ခံတင်ပြခြင်း။

## အခန်း (၅)

## အဆိုပြုတင်ပြခြင်း၊ ရန်ပုံငွေသုံးစွဲခွင့်တောင်းခံခြင်းနှင့် ခွင့်ပြုခြင်း

၈။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် -

(က) လုပ်ငန်းတစ်ခုလျှင် ကျပ်သိန်းငါးဆယ် (၅,၀၀၀,၀၀၀/-) ထက်မပိုသောလုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းများကို အဆိုပြုတင်ပြရာတွင် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်း သို့မဟုတ် ခွင့်ပြုချက်ရရှိပြီးသည့်လုပ်ငန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအရ ခွင့်ပြုထားသော စီမံကိန်းလုပ်ငန်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်သည့်လုပ်ငန်းများ မဖြစ်စေရ။

(ဂ) ဒေသခံပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သော အောက်ပါလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရမည် -

(၁) သောက်သုံးရေရရှိရေးလုပ်ငန်းများ၊

(၂) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊

(၃) ပညာရေးဆိုင်ရာအဆောက်အဦ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊

(၄) ကျန်းမာရေးဆိုင်ရာအဆောက်အဦ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊

(၅) မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်းများ။

(ဃ) ရွေးချယ်ဆောင်ရွက်သောလုပ်ငန်းများသည် မဲဆန္ဒရှင်ပြည်သူများအတွက် အမှန်တကယ် ဆောင်ရွက် ပေးသင့်ပြီး ပြည်သူများကလည်း အမှန်တကယ်လက်ခံနိုင်သည့်လုပ်ငန်းများ ဖြစ်ရမည်။

(င) လုပ်ငန်းများကို ရွေးချယ်အဆိုပြုရာ၌ ကုန်ကျစရိတ်မကြီးမြင့်ဘဲ ဒေသအတွက် အကျိုးရှိမည့် လုပ်ငန်းဖြစ်ရမည်ဆိုသည့်မူကို အလေးထားဆောင်ရွက်ရမည်။

(စ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ကြိုတင်မမျှော်မှန်းနိုင်သော အခြားအကြောင်းများကြောင့် ဖြစ်စေ၊ မဖြစ်မနေလုပ်ဆောင်ရမည့် အထူးကိစ္စရပ်များအတွက်ဖြစ်စေ လိုအပ်သောလုပ်ငန်းများကို ကဏ္ဍအလိုက် ဦးစားပေးရွေးချယ်ပြီး အဆိုပြုတင်ပြရမည်။

(ဆ) အဆိုပြုတင်ပြချက်တွင် အောက်ပါအချက်များ ပြည့်စုံစွာထည့်သွင်းဖော်ပြရမည် -

(၁) မြို့နယ်အမည်နှင့် အကောင်အထည်ဖော်မည့် ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စုအမည်၊

(၂) လုပ်ငန်းအမည်နှင့်အမျိုးအစား၊

(၃) လုပ်ငန်းရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ၊

(၄) ရန်ပုံငွေလိုအပ်ချက်၊

(၅) ဒေသပေါက်ဈေးနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ချက်၊

(၆) ဆောင်ရွက်ရန် ကြာမြင့်မည့်အချိန်ကာလ၊

(၇) အခြားလိုအပ်သောအချက်အလက်များ။

၉။ ကော်မတီသည် -

(က) အဆိုပြုတင်ပြချက်များအတွက် သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့သို့ **လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ရန်ပုံငွေခွင့်ပြုချက်ပုံစံ (၂)** ဖြင့် ဆောလျင်စွာအကြောင်း ကြားရမည်။

(ခ) အဆိုပြုတင်ပြချက်ပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များရှိပါက အချက်အလက်များကို ထပ်မံပေးပို့ရန် ညွှန်ကြားရမည်။

## အခန်း (၆)
## လုပ်ငန်းဆောင်ရွက်ခြင်း

၁၀။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် -

(က) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလမ်းညွှန်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်သည့်နေရာသို့ အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ်၍ ဖွံ့ဖြိုးရေးလုပ်ငန်း ပြီးစီးမှုကို စစ်ဆေးပြီး အစီရင်ခံစာကို အဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်၊ အတည်ပြုချက်တို့နှင့် ပူးတွဲလျက် ပုံစံ (၃) ဖြင့် ကော်မတီသို့ ပေးပို့တင်ပြရမည်။

၁၁။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏အင်အားနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရယူပေါင်းစပ်သည့် နည်းလမ်းကို အလေးထားအသုံးပြုရမည်။

၁၂။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းအလိုက် တာဝန်ခံဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်မှုများကို ထင်သာမြင်သာရှိသော လုပ်ဆောင်မှုများဖြစ်စေရေး ကြီးကြပ်ခြင်း၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ထိရောက်စွာသုံးစွဲနိုင်ရေးတို့အတွက် ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၇)
## ငွေထုတ်ယူသုံးစွဲခြင်း

၁၃။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီမှ တင်ပြလာသော လုပ်ငန်းပြီးစီးမှုအခြေအနေကို စစ်ဆေးပြီး ဆောင်ရွက်ပြီးစီးမှုအတိုင်းအတာအရ ဘဏ်ငွေစာရင်းမှ ငွေထုတ်ယူပေးချေရမည်။

၁၄။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံတင်ပြချက်နှင့် ငွေလက်ခံရရှိကြောင်း အထောက်အထားများကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ ထောက်ခံချက်နှင့်တကွ ရယူရမည်။

## အခန်း (၈)
## လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာပေးပို့တင်ပြခြင်း

၁၅။ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများအတွက် ငွေပေးချေပြီးပါက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် -

(က) **လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာပုံစံ (၃)** ဖြင့် ပြုစုရမည်။

(ခ) အပိုဒ်ခွဲ (က) အရ အစီရင်ခံစာပြုစုရာတွင် လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ချက်မှတ်တမ်း၌ ငွေပေးချေပြီးကြောင်း အထောက်အထားနှင့် ဓာတ်ပုံမှတ်တမ်းတို့ကို ပူးတွဲဖော်ပြလျက် ကော်မတီသို့ ပေးပို့တင်ပြရမည်။

## အခန်း (၉)
## လုပ်ငန်းနှင့်စာရင်းစစ်ဆေးမှုခံယူခြင်း

၁၆။ ကော်မတီသည် ရန်ပုံငွေထိန်းသိမ်းသုံးစွဲခြင်းအတွက် လုပ်ငန်းနှင့်စာရင်းစစ်ဆေးမှုခံယူနိုင်ရန် ဘဏ္ဍာရေးစည်းမျဉ်းပါ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်းခြင်းနှင့် စာရင်းဇယားများပြုစုခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၇။ လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးအဖွဲ့သည် အောက်ဖော်ပြပါ စစ်ဆေးရေးရည်မှန်းချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်၍ အစီရင်ခံစာကို ကော်မတီသို့ တင်ပြရမည် -

(က) မူလကချမှတ်ခဲ့သောလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) လုပ်ငန်းများကို ဆောင်ရွက်ရန် ဘဏ္ဍာငွေများ ထိန်းသိမ်းခွဲဝေသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) သက်ဆိုင်ရာလုပ်ငန်းများကို စစ်ဆေးရာတွင် ထူးခြားသောအကြောင်းအရာတွေ့ရှိပါက ကော်မတီသို့ ဆောလျင်စွာတင်ပြခြင်း။

၁၈။ ကော်မတီသည် ရန်ပုံငွေသုံးစွဲမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## အထွေထွေ

၁၉။ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် တာဝန်ရှိသူများသည် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ လုပ်ငန်းများသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ် တစ်နှစ်အတွက်သာလျှင် ခွင့်ပြုခြင်းဖြစ်သဖြင့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။ ခွင့်ပြုရန်ပုံငွေများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းသာ သုံးစွဲရမည်။

၂၁။ အရအသုံးခန့်မှန်းခြေငွေစာရင်း၏ လက်ရှိဘဏ္ဍာရေးနှစ်အတွက် ခွဲဝေချထားပေးသည့်ရန်ပုံငွေကို ဘဏ္ဍာရေးနှစ်ကျော်လွန်၍ ဆက်လက်သုံးစွဲခွင့်မရှိသဖြင့် လက်ရှိဘဏ္ဍာရေးနှစ်တွင် ပိုလျှံငွေကျန်ရှိပါက သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံရမည်။

၂၂။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ဘဏ္ဍာရေးနှစ်အသစ်အတွက် ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်းများနှင့် ရန်ပုံငွေလိုအပ်ချက်ကို ဦးစားပေးအစီအစဉ်အလိုက် ပြုစုပြီး နှစ်စဉ် ဩဂုတ်လ (၃၁) ရက်နေ့ နောက်ဆုံးထား၍ ကော်မတီနှင့် လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၂၃။ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ဆောင်ရွက်ချက်မှတ်တမ်းနှင့် ရန်ပုံငွေသုံးစွဲမှုစာရင်းဇယားတို့ကို အများပြည်သူမြင်သာသောနေရာတွင် အမှတ်အသားဆိုင်းဘုတ်ဖြင့် ထုတ်ဖော်ပြသထားရမည်။ ယင်းကုန်ကျစရိတ်ကို သက်ဆိုင်ရာလုပ်ငန်း၏ ကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်း၍ ငွေထုတ်ပေးရမည်။

၂၄။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီသည် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အမှန်သုံးစွဲရသော ရုံးလုပ်ငန်းကုန်ကျစရိတ်များကို သက်ဆိုင်ရာလုပ်ငန်း၏ ကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းဖော်ပြ တောင်းခံရမည်။

၂၅။ လွှတ်တော်ရုံး သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ရုံးသည် -

(က) ကော်မတီနှင့် ကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

( ခ ) ကော်မတီ၏ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

**ပုံစံ (၁)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**
**လုပ်ငန်းနှင့် ရန်ပုံငွေသုံးစွဲခွင့်တောင်းခံခြင်း အဆိုပြုတင်ပြချက်**
**[လုပ်ထုံးလုပ်နည်း အပိုဒ် ၇ (က)]**

သို့

ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုလွှတ်တော်
နေပြည်တော်

စာအမှတ် ။ ------------------
ရက်စွဲ ။ ------------------

ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၇ (က) အရ --------- -------------- မြို့နယ်၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေကို သုံးစွဲလိုပါသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခွင့်တို့အတွက် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန် အောက်ပါအချက် များကို ဖော်ပြလျက် တင်ပြအပ်ပါသည် -

(၁) **လုပ်ငန်းအမည်** ------------------------------

(၂) **လုပ်ငန်း၏ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ** ------------------------------

(၃) **ဆောင်ရွက်မည့်နယ်မြေ**

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ------------------------------

( ခ ) မဲဆန္ဒနယ်မြေ (မြို့နယ်) ------------------------------

( ဂ ) နေရာ၊ ဒေသ ------------------------------

(၄) **လုပ်ငန်း (လမ်း/တံတား/အခြားဖြစ်ပါက)**

(က) အမျိုးအမည် --------------------------------

(ခ) အရွယ်အစား --------------------------------

(ဂ) ပုံသဏ္ဍာန် **ပူးတွဲပါအတိုင်း**

(ဃ) တွက်ချက်မှု **ပူးတွဲပါအတိုင်း**

(င) ဆောင်ရွက်မည့်နည်းလမ်း --------------------------------

(စ) တည်ဆောက်ရေးကာလ --------------------------------

(ဆ) ရန်ပုံငွေလိုအပ်ချက် --------------------------------

(ဇ) ဒေသပေါက်ဈေးနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ချက် --------------------------------

(၅) **ဖွံ့ဖြိုးရေးလုပ်ငန်း (ငွေကြေးပံ့ပိုးမှုနှင့်အခြားကိစ္စဖြစ်ပါက)**

(က) သုံးစွဲမည့်အကြောင်းအရာ --------------------------------

(ခ) ရန်ပုံငွေလက်ခံသုံးစွဲမည့် အဖွဲ့အစည်း/ပုဂ္ဂိုလ် --------------------------------

(ဂ) ကုန်ကျမှုတွက်ချက်မှုဇယား **ပူးတွဲပါအတိုင်း**

(ဃ) ရန်ပုံငွေလိုအပ်ချက် --------------------------------

(င) ဒေသပေါက်ဈေးနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ချက် --------------------------------

ဦး/ဒေါ် --------------------------------

ဥက္ကဋ္ဌ

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့

---------------- လွှတ်တော်ကိုယ်စားလှယ်

---------------------- မဲဆန္ဒနယ်မြေ

မိတ္တူကို

---------------------- လွှတ်တော်ကော်မတီသို့ သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပေးပို့ပါသည်။

**ပုံစံ (၂)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**
**လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ရန်ပုံငွေခွင့်ပြုချက်**
**[လုပ်ထုံးလုပ်နည်း အပိုဒ် ၉ (က)]**

သို့

ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့
------------------------- မြို့နယ်

ခွင့်ပြုမိန့်အမှတ်။ --------------------- ၂၀------- ခုနှစ်၊ -------------လ ------- ရက်

ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီသည် ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၉၊ အပိုဒ်ခွဲ (က) အရ ဤခွင့်ပြုချက်ကို ထုတ်ပေးလိုက်သည် -

(က) လုပ်ငန်းအမည် --------------------------------
(ခ) မြို့နယ်အမည် --------------------------------
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် --------------------------------
(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းအမျိုးအစား --------------------------------
(င) တည်ဆောက်ရေးကာလ --------------------------------
(စ) ဆောင်ရွက်မည့်အဖွဲ့အစည်း/ပုဂ္ဂိုလ် --------------------------------
(ဆ) သုံးစွဲမည့်ဖွံ့ဖြိုးရေးရန်ပုံငွေ --------------------------------

ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုလွှတ်တော်

မိတ္တူကို

--------------------- လွှတ်တော်ကော်မတီသို့ သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပေးပို့ပါသည်။

**ပုံစံ (၃)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ**
**လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာပေးပို့ခြင်း**
**[လုပ်ထုံးလုပ်နည်း အပိုဒ် ၁၅ (က)]**

သို့

ဥက္ကဋ္ဌ
ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုလွှတ်တော်
နေပြည်တော်

စာအမှတ်။ ------------------
ရက်စွဲ ။ ------------------

လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (က) အရ ---------------- မြို့နယ်၊ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာကို လိုအပ်သည့် စာရွက်စာတမ်းများ ပူးတွဲလျက် ဆောင်ရွက်နိုင်ပါရန် ပေးပို့တင်ပြအပ်ပါသည်။

ဦး/ဒေါ် ------------------------------
ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့
---------------- လွှတ်တော်ကိုယ်စားလှယ်
--------------------- မဲဆန္ဒနယ်မြေ

မိတ္တူကို

--------------------- လွှတ်တော်ကော်မတီသို့ သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပေးပို့ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ**
**လုပ်ငန်းများတိုးတက်မှုအခြေပြဇယား**

------------------------ မြို့နယ်

------------------------ တိုင်းဒေသကြီး/ပြည်နယ်

စာအမှတ် ။ ------------------

ရက်စွဲ ။ ------------------

| စဉ် | ခွင့်ပြုသည့် လုပ်ငန်းအမည် | ခွင့်ပြုသည့် ရန်ပုံငွေ | သုံးစွဲပြီး ရန်ပုံငွေ | လုပ်ငန်းပြီးစီးမှု ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

ဦး/ဒေါ် --------------------------------

ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့
--------------- လွှတ်တော်ကိုယ်စားလှယ်
--------------------- မဲဆန္ဒနယ်မြေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

**ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ လျှပ်စစ်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "လျှပ်စစ်ဥပဒေကြမ်း" အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**လျှပ်စစ်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို လျှပ်စစ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာ စွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးကို အသုံးပြု၍ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ခ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာထုတ်လုပ်ခြင်း၊ လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆိုသည်။

(ဂ) **လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုနိုင်သူကို ဆိုသည်။

(ဃ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(င) **စူးစမ်းရှာဖွေခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိနိုင်မည့် အရင်းအမြစ်များ ရှာဖွေခြင်း၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းတို့ ပြုလုပ်ရန် သက်ဆိုင်သောနေရာများအား လေ့လာစူးစမ်းဖော်ထုတ်ခြင်း၊ တိုင်းတာခြင်းနှင့် စီမံဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **တည်ဆောက်ခြင်း**ဆိုသည်မှာ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းကို ဆိုသည်။

(ဆ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း**ဆိုသည်မှာ နည်းပညာတစ်ခုခုအသုံးပြု၍ စွမ်းအင်အရင်းအမြစ်တစ်မျိုးမျိုးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆိုသည်။

(ဇ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ ရောက်ရှိစေရန် လျှပ်စစ်ဓာတ်အားလိုင်းများဖြင့် သွယ်တန်း၍ သတ်မှတ်ထားသော ဗို့အား၊ လျှပ်စီး၊ ကြိမ်နှုန်းတို့ဖြင့် စနစ်တကျဓာတ်အားပို့လွှတ်ခြင်းကို ဆိုသည်။

(ဈ) **ဓာတ်အားပို့လွှတ်ရေးစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ပင်ရင်းမှ ပင်မဓာတ်အားခွဲရုံသို့လည်းကောင်း၊ ပင်မဓာတ်အားခွဲရုံအချင်းချင်းသို့လည်းကောင်း ဓာတ်အားလိုင်းကြိုးများ၊ တာဝါတိုင်များ၊ ကွန်ကရစ်တိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဓာတ်အားပို့လွှတ်သည့်စနစ်ကို ဆိုသည်။

(ည) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများထံသို့ သတ်မှတ်ထားသော ဗို့အား၊ လျှပ်စီး၊ ကြိမ်နှုန်းတို့ဖြင့် စနစ်တကျဓာတ်အားဖြန့်ဖြူးခြင်းကို ဆိုသည်။

(ဋ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံ၊ ဓာတ်အားခွဲရုံတို့မှ ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့်စနစ်ကို ဆိုသည်။

(ဌ) **လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်း**ဆိုသည်မှာ ပြည်တွင်း၌ဖြစ်စေ၊ အိမ်နီးချင်းနိုင်ငံတစ်ခုခုနှင့်ဖြစ်စေ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းကိစ္စရပ်များအတွက် ငွေပေးငွေယူပြုလုပ်ခြင်းနှင့် အခကြေးငွေရယူဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဍ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း**ဆိုသည်မှာ သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးနှင့် ကြိမ်နှုန်းရှိသော လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်များနှင့်အညီ ရယူအသုံးပြုခြင်းကို ဆိုသည်။

(ဎ) **လျှပ်စစ်ဓာတ်အားကဏ္ဍ**ဆိုသည်မှာ ဓာတ်အားစနစ်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းများ၊ ဓာတ်အားသုံးစွဲသူများနှင့် လျှပ်စစ်နှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များ အားလုံးအပါအဝင် လျှပ်စစ်စွမ်းအင်စက်မှုလုပ်ငန်းကို ဆိုသည်။

(ဏ) **လျှပ်စစ်ဓာတ်အားပေးစက်ရုံ**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော စက်ရုံကို ဆိုသည်။ ယင်းစကားရပ်တွင် စက်ရုံအဆောက်အအုံရှိ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ပိုက်လိုင်းများ၊ ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများလည်း ပါဝင်သည်။

(တ) **လျှပ်စစ်ဓာတ်အားစနစ်**

(၁) **မဟာဓာတ်အားလိုင်းစနစ်**ဆိုသည်မှာ အဓိကလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများနှင့်

ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်နေသော တစ်နိုင်ငံလုံးနှင့်ဆိုင်သောစနစ်ကို ဆိုသည်။

(၂) **ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်**ဆိုသည်မှာ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်မှု မရှိသော ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်ကို ဆိုသည်။

(ထ) **လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော နယ်နိမိတ်ကို ဆိုသည်။

(ဒ) **လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေ**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော အကွာအဝေးအတွင်းရှိနယ်မြေကို ဆိုသည်။

(ဓ) **လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်းနှင့် ထိန်းချုပ်ခြင်း**ဆိုသည်မှာ မဟာဓာတ်အားလိုင်းစနစ်အတွင်း လျှပ်စစ်ဓာတ်အားကို စနစ်တကျထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို ဆိုသည်။

(န) **လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်စူးစမ်းရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားကွပ်ကဲခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာဓာတ်အားရောင်းဝယ်ခြင်းလုပ်ငန်းတို့မှအပ အခြားလျှပ်စစ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ပ) **လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသော လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ ဓာတ်အားလိုင်းများ၊ လျှပ်စစ်တိုင်းတာရေးကိရိယာများ ကြံ့ခိုင်မှု ရှိ မရှိ စစ်ဆေးခြင်းနှင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ဖ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဗ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဘ) **လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်တွင် လျှပ်စစ်ဓာတ်အားလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(မ) **လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တစ်ခုခုနှင့် ပြည်တွင်းပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်တို့ အစုစပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်ထားသောလုပ်ငန်းကို ဆိုသည်။

(ယ) **ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သူ**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ကို တည်ဆဲ ဥပဒေများနှင့်အညီ ရယူပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရောင်းချသော (I.P.P, C.P.P) စသည့် စနစ်များဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သူကို ဆိုသည်။

(ရ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ**ဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီ လျှပ်စစ်ဓာတ်အားရယူသုံးစွဲသူကို ဆိုသည်။

(လ) **ပင်မဓာတ်အားခွဲရုံ**ဆိုသည်မှာ ဓာတ်အားပို့လွှတ်ရေးစနစ်၏ အစိတ်အပိုင်းဖြစ်ပြီး ဓာတ်အားပို့လွှတ်ရေးလိုင်းနှင့်ဆက်သွယ်၍ လျှပ်စစ်ဓာတ်အားကို လက်ခံပြီး ဗို့အားအဆင့်ကို ပြောင်းလဲပို့လွှတ်၊ ဖြန့်ဖြူးသောဓာတ်အားခွဲရုံကို ဆိုသည်။

(ဝ) **ဓာတ်အားဖြန့်ဖြူးရေးခွဲရုံ**ဆိုသည်မှာ ဓာတ်အားဖြန့်ဖြူးရေးစနစ်နှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့်ဆက်သွယ်၍ လျှပ်စစ်ဓာတ်အားကို လက်ခံပြီး ဗို့အားအဆင့်ကို ပြောင်းလဲ၍ ဓာတ်အားသုံးစွဲသူထံသို့ ဖြန့်ဖြူးသောဓာတ်အားခွဲရုံကို ဆိုသည်။

(သ) **အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဟ) **အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထက်မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(ဠ) **အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၃၀ မဂ္ဂါဝပ်အထက် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

(အ) **လျှပ်စစ်အန္တရာယ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကြောင့် ဓာတ်လိုက်ခြင်း သို့မဟုတ် မီးလောင်ခြင်း ဖြစ်ပွားပြီး သက်ရှိများ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားစေနိုင်ခြင်းကို ဆိုသည်။

(က-၁) **ဝန်ဆောင်မှုစရိတ်**ဆိုရာတွင် ကနဦးလျှပ်စစ်ဓာတ်အားဆက်သွယ်ခ (Connection Fees)၊ လျှပ်စစ်မီတာငှားရမ်းခ (Rental Fees)၊ လျှပ်စစ်ဓာတ်အားအသုံးပြုလိုသည့် ပမာဏအလိုက် ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးရသော အဖိုးအခ (Capacity Charges) များ ပါဝင်သည်။

(က-၂) **လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(က-၃) **လျှပ်စစ်ပစ္စည်းအရည်အသွေးစစ်ဆေးချက်လက်မှတ်**ဆိုသည်မှာ လျှပ်စစ်ပစ္စည်းများကို သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေး၍ သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီကြောင်း တွေ့ရှိရသဖြင့် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(က-၄) **လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာ**ဆိုသည်မှာ ပြည်ပမှဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ (Electronic and Electrical Parts and Accessories) ကို အသုံးပြု၍ တပ်ဆင်ထုတ်လုပ်သော အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းကိရိယာများ (Electronic and Electrical Equipments) ကို ဆိုသည်။

(က-၅) **လျှပ်စစ်ပစ္စည်းထုတ်လုပ်သူ**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်များ၊ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် စက်ပစ္စည်းများနှင့် လုပ်ငန်းသုံးကိရိယာများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်သူကို ဆိုသည်။

(က-၆) **စစ်ဆေးရေးမှူးချုပ်**ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သောပုဂ္ဂိုလ်ကို ဆိုသည်။

(က-၇) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ခန့်အပ်ထားသောပုဂ္ဂိုလ်ကို ဆိုသည်။

(က-၈) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးထားသော ကျွမ်းကျင်ကြောင်းလက်မှတ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရန်။

(ခ) နိုင်ငံတော်၏လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံတော်အစိုးရ၏ လက်ရှိစီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်။

(ဂ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများအပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် အလတ်စားနှင့်အငယ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုမိုအားပေးရန်။

(ဃ) နိုင်ငံတော်၏ကဏ္ဍအသီးသီးနှင့် နိုင်ငံတော်တစ်ဝန်း မြို့ရွာကျေးလက်ဒေသအသီးသီးတွင် လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာနှင့် ပိုမိုကျယ်ပြန့်စွာအသုံးပြုနိုင်စေရန်။

(င) နိုင်ငံတော်အတွင်း လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအား ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေရန်။

(စ) လျှပ်စစ်ဆိုင်ရာနည်းပညာများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လျှပ်စစ်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွန်းစေရန်။

(ဆ) လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ စံချိန်စံညွှန်း၊ အရည်အသွေးတိုးတက်မြင့်မားစေရန်။

(ဇ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော မူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်။

(ဈ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် အများပြည်သူတို့ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ကြိုတင်ကာကွယ်ရန်နှင့် ထိရောက်သည့် ပြစ်ဒဏ်ပေးမှုများနှင့် တိကျသောနည်းဥပဒေများ ကျင့်သုံးနိုင်ရန်။

(ည) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရန်။

(ဋ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်ကို ကာမိစေသော စီးပွားရေးအရ တွက်ခြေကိုက်သည့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို သတ်မှတ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေ စည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရန်။

(ဌ) မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့်အညီ လေးစားလိုက်နာဆောင်ရွက်မှုရှိစေရန်။

## အခန်း (၃)
## လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင် (Electricity Regulatory Commission) ကို ဝန်ကြီး

ဌာနမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးအား ဦးဆောင်စေလျက် နည်းပညာကျွမ်းကျင်သူများ၊ အခြား သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

၅။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားလျှပ်စစ်စွမ်းအားမူဝါဒ (National Electricity Policy) ကို သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြုစုရေးဆွဲခြင်း။

(ခ) ခေတ်စနစ်နှင့်ညီညွတ်သော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားခမူဝါဒ (Electricity Tariff Policy) ဆိုင်ရာကိစ္စရပ်များကို ပြုစုတင်ပြခြင်း။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများအား လိုအပ်သလို အကြံ ပေးခြင်း။

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးတွင် လိုအပ်ပါက လျှပ်စစ် ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်ခွဲများ ဖွဲ့စည်းပေးခြင်းနှင့် ယင်းကော်မရှင်ခွဲများ၏လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးခြင်း။

(င) လျှပ်စစ်ကဏ္ဍတစ်ခုလုံး၏ အခြေအနေများကို နိုင်ငံတကာလျှပ်စစ်စံချိန်စံညွှန်းများနှင့် နှိုင်းယှဉ် လေ့လာပြီး စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် တွေ့ရှိချက် များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံပြုခြင်း။

(စ) လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း၊ အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော လျှပ်စစ်ဆိုင်ရာအခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ် ပေးသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## လျှပ်စစ်ဆိုင်ရာလုပ်ငန်းခွင့်ပြုခွင့်ရှိသည့် အဖွဲ့အစည်းများ

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ အစိုးရဌာန၊ အဖွဲ့အစည်းများအား လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင်ရန် အခွင့်အာဏာကို အပ်နှင်းလိုက်သည် -

(က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ။

(ဂ) သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ။

(ဃ) လျှပ်စစ်လုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် သီးသန့်ခွင့်ပြုတာဝန်ပေးအပ်သော အဖွဲ့အစည်းများ။

၈။ (က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊

ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူများအား လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်သည်။

၉။ (က) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးသည် မည်သည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်မဆို ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစိုးရအဖွဲ့သည် မိမိဒေသအတွင်း စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားစီမံကိန်းများနှင့်ပတ်သက်၍ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ လုပ်ကိုင်ခွင့်များ ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ရုပ်သိမ်းခြင်းများကို ပြုလုပ်နိုင်သည်။

(ဂ) သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်မီးဆိုင်ရာကိစ္စ လုပ်ကိုင်ခွင့်များအား ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့/ကော်ပိုရေးရှင်းများသည် သင့်လျော်သည့်အချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားလွတ်လပ်သော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့/ကော်ပိုရေးရှင်းများအဖြစ် ပြောင်းလဲရပ်တည်ခွင့်ရှိသည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် အများပြည်သူ၏အကျိုးငှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် -

(က) အသုံးပြုရန်လိုအပ်သော မြေပမာဏကို တည်ဆဲဥပဒေများနှင့်အညီ ရယူအသုံးပြုခွင့်ရှိသည်။

(ခ) နိုင်ငံတော်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်အဆောက်အအုံများကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၅)

## လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်

၁၁။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် ဤဥပဒေပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၂။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့်အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးခွင့်ပြုနိုင်သည်။

၁၄။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်မီးဆိုင်ရာကိစ္စ လုပ်ကိုင်ခွင့်များနှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ခွင့်ပြုနိုင်သည်။

၁၅။ ပုဒ်မ ၁၂၊ ၁၃ နှင့် ၁၄ တို့အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုနိုင်သောအစိုးရဌာန၊ အဖွဲ့အစည်းသည် ပုဒ်မ ၁၁ အရ လျှောက်ထားချက်များကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပါက ခွင့်ပြုချက်ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ကိုင်ခွင့်သက်တမ်းကို လုပ်ငန်းအလိုက် သတ်မှတ်ပေးရမည်။

၁၇။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ရရှိသူများသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

၁၈။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ရရှိသူများသည် လုပ်ကိုင်ခွင့်ရရှိသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၉။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ကာလနှင့် သက်တမ်းတိုးသည့်ကာလများသည် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်ရမည်။

၂၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ကာလကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့လွှဲပြောင်းပေးရမည်။

## အခန်း (၆)

## အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ချက်များ

၂၁။ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်သူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသော စာချုပ်များနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာသဘောတူသတ်မှတ်ချက်များကို လိုက်နာရမည်။

## အခန်း (၇)
## လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ စစ်ဆေးခြင်း

၂၂။ စစ်ဆေးရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ စံချိန်စံညွှန်းနှင့် ညီ မညီ စစ်ဆေးခြင်း။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသော စာချုပ်များတွင် ပါရှိသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရန် ဆောင်ရွက်ခြင်း။

(ဂ) မည်သည့်နယ်မြေတွင်မဆို လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်း ကိရိယာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် စစ်ဆေးရေးမှူးအဖွဲ့များအား တာဝန် ပေးအပ်ခြင်း။

(ဃ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်၊ လျှပ်စစ်ပစ္စည်းအရည်အသွေးစစ်ဆေးချက်လက်မှတ်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

(င) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

(စ) လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လိုအပ်သောသက်သေများကို စစ်ဆေးခြင်း။

(ဆ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်တို့က ပေးအပ်သော စစ်ဆေးခြင်းဆိုင်ရာအခြားတာဝန်များ ဆောင်ရွက်ခြင်း။

၂၃။ စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးများသည် ယင်းတို့၏တာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်ခွင့်ရှိသည်။

၂၄။ စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးများသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို စီးပွားရေး အလို့ငှာ တစ်နည်းနည်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသူများ ဖြစ်စေရမည်။

၂၅။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သော ဓာတ်ခွဲခန်းများ တည်ထောင်ဖွင့်လှစ်ထားရှိရမည်။

## အခန်း (၈)
## ဓာတ်အားစနစ်ဖွံ့ဖြိုးမှုစီမံရေးနှင့်ထိန်းညှိကွပ်ကဲရေး

၂၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် -

(က) နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို စီမံခြင်းနှင့် ဓာတ်အားစနစ်ကို စနစ်တကျစီမံ ဆောင်ရွက်နိုင်ရန် သင့်လျော်သည့်နေရာများတွင် လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနများက လိုက်နာဆောင်ရွက် ရမည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက် ရမည်။

၂၇။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ခေတ်မီနည်းစနစ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန် လိုအပ်သောသင်တန်းကျောင်းများဖွင့်လှစ်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ယင်းလုပ်ငန်းများကို အခြားမည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို ဆောင်ရွက်ရန်လည်း ခွင့်ပြုနိုင်သည်။

## အခန်း (၉)

## လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များ

၂၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ရမည်။

၂၉။ လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းများ စစ်ဆေးချက်ရလဒ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်စေရမည်။

၃၀။ နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ဆက်သွယ်မည့် အခြားဌာန၊ အဖွဲ့အစည်းများ၏ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

၃၁။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်သူများသည် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် လိုအပ်သော စစ်ဆေးမှုကိုလည်း ခံယူရမည်။

## အခန်း (၁၀)

## လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့်ဝန်ဆောင်မှုစရိတ်များ

၃၂။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခနှုန်းထား သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၃၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့များသည် နိုင်ငံတော်ဓာတ်အားစနစ်မှ ရယူခြင်းမဟုတ်ဘဲ မိမိဒေသအတွင်း မိမိအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော လျှပ်စစ်ဓာတ်အားခနှုန်းထားများနှင့်စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၄။ ပုဒ်မ ၈ အရ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးခွင့်ရှိသူများသည် မိမိတို့ ထုတ်ပေးခဲ့သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါ စည်းကမ်းချက် သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

(ဂ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၅။ မည်သူမျှ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၃၆။ မည်သည့်လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူမျှ ခွင့်ပြုမိန့်ပါလုပ်ငန်းတွင် ပါရှိသည့် လုပ်ငန်းဆောင်ရွက်ခြင်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိစေရ။

၃၇။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

၃၈။ မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်းမပြုရ။

၃၉။ မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၄၀။ မည်သည့်လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမျှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့်အဖွဲ့အစည်းနှင့်မဆို လုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုရ။

၄၁။ မည်သည့်လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမျှ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကိုဖြစ်စေ၊ လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၄၂။ မည်သူမျှ လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ။

၄၃။ မည်သူမျှ လျှပ်စစ်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်တီးမှုပြုလုပ်ခြင်း၊ အသုံးပြုခြင်းတစ်ခုခုကို မပြုရ။

၄၄။ မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၅။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၆။ မည်သည့်လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၇။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၄၉။ မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်သိန်းသုံးဆယ် ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ ဖျက်ဆီးရမည်။

၅၀။ မည်သည့်လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၁။ မည်သည့်လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ချမှတ်ရမည်။ ပြစ်ဒဏ်ချမှတ်ပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၂။ မည်သူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၃၅ မှ ၄၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ရန် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းများ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ယင်းပြစ်မှုများပါ ပြစ်ဒဏ်များအတိုင်း ချမှတ်ရမည်။

## အခန်း (၁၄)
## နစ်နာကြေး၊ လျော်ကြေး

၅၆။ ပုဒ်မ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃ နှင့် ၅၄ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် မိမိ၏ကျူးလွန်မှုကြောင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူအား နစ်နာပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်စေပါက ယင်းဆုံးရှုံးသည့်တန်ဖိုးကို နစ်နာကြေးအဖြစ် ပေးလျော်ရမည်။

၅၇။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၅၆ အရ နစ်နာကြေးကို မြေခွန်မပြေ ကျန်ငွေကောက်ခံသကဲ့သို့ ကောက်ခံခွင့်ရှိစေရမည်။

၅၈။ မည်သူမဆို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု ပြတ်တောက်မှုဖြစ်ပွားအောင် ပြုလုပ်ခဲ့ပါက နစ်နာဆုံးရှုံးသည့် ဓာတ်အားပမာဏနှင့် ညီမျှသောတန်ဖိုးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ သတ်မှတ်သည့်အတိုင်း ပေးဆောင်စေရမည်။

၅၉။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူ၏ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့် ဖြစ်စေ ဓာတ်လိုက်မှု၊ မီးလောင်မှုများဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်လျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဆိုင်ရာလုပ်ကိုင်ခွင့်ရှိသူ၊ လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည် -

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး။

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေနှင့် အညီ ပြဋ္ဌာန်းသော လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ပေးသော လျော်ကြေး။

## အခန်း (၁၅)
## အယူခံခြင်း

၆၀။ ပုဒ်မ ၅၆၊ ၅၇ နှင့် ၅၈ တို့အရ ချမှတ်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဆောင်ရန် အမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် -

(က) အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ယင်းကဲ့သို့အယူခံခြင်းသည် သတ်မှတ်ထားသော နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ပေးဆောင်ပြီးမှသာ အယူခံနိုင်ခွင့်ရှိသည်။

၆၁။ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (က) အရ အယူခံမှုတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးသည် လျော်ကြေးအမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ ပြုနိုင်သည်။

၆၂။ ပုဒ်မ ၆၁ အရ ချမှတ်သော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၆၃။ နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဆောင်ရန် အမိန့်ချမှတ်ခြင်းခံရသူသည် အယူခံမှုတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက နစ်နာကြေး သို့မဟုတ် လျော်ကြေးကို အချို့အဝက်ကိုဖြစ်စေ၊ အားလုံးကို ဖြစ်စေ ပြန်ပေးစေရန် အမိန့်ချမှတ်လျှင် ယင်းဆုံးဖြတ်ချက်နှင့်အညီ ပြန်လည်ရထိုက်ခွင့်ရှိသည်။

## အခန်း (၁၆)

## အထွေထွေ

၆၄။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၆။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၆၇။ ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၆၈။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သော ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေအရ ပြုလုပ်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် (ကွတ်ခိုင်မဲဆန္ဒနယ်) ၏ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် (ကွတ်ခိုင်မဲဆန္ဒနယ်) က ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်း" အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

# တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းရင်းသားလူမျိုးများ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးများနှင့် ယင်းတို့၏မျိုးနွယ်စုများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ၏ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

### အခန်း (၂)

### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွလက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်။

## အခန်း (၃)

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များ

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် -

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ပညာရေးမူဝါဒအား ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။

(ဂ) မိမိတို့၏စာပေနှင့်အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာသုတေသနပြု ဖော်ထုတ်ခွင့်ရှိသည်။

(ဃ) မိမိတို့၏ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှ အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှုမရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သော လူဦးရေရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးတွင် မိမိတို့ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၄)

## ဝန်ကြီးဌာန ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီး ခန့်အပ်ခြင်း

၅။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော်သမ္မတသည် -

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ ပုဒ်မခွဲ (က) ပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်ကို ရွေးချယ်၍ ယင်း၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိပါက ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

## အခန်း (၅)
## ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ရည်ရွယ်ချက်ပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း၊ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားမှုနှင့် ရိုင်းပင်းကူညီမှုတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် လုပ်ငန်းရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(ဆ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဝန်ကြီးဌာနသည် လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၀။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက ကော်မတီနှင့်လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာအခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းနိုင်ပြီး ယင်းတို့ကို ဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

## အခန်း (၆)

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း

၁၁။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၁၂။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၁ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်နိုင်ခြင်းမရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၁၃။ ပုဒ်မ ၁၂ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီးသည် -

(က) မိမိအား တာဝန်ပေးအပ်သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုပေါ်ပေါက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်သည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုပေါ်ပေါက်ကြောင်း တွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် လိုအပ်သလိုပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့လည်းကောင်း တင်ပြရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ပုဒ်မ ၁၃ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၆။ ပုဒ်မ ၁၂ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်းမရှိပါက အကျိုးအကြောင်းပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၆ အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၁၇ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးသည့်ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

၁၉။ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်းမပြုရ။

၂၀။ မည်သူမျှ နိုင်ငံရေးကိစ္စအလို့ငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အလွဲသုံးစားမပြုရ။

၂၁။ မည်သူမျှ တိုင်းရင်းသားလူမျိုးများအချင်းချင်း သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုများအကြား ခွဲခြားဆက်ဆံခြင်း၊ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကိုဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၂၅။ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တိုင်းရင်းသားလူမျိုးများဆိုင်ရာအခြေအနေကို အခါအားလျော်စွာ တင်ပြရမည်။

၂၆။ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၈ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းခြင်း ပြုနိုင်သည်။

၂၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၂၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတိုးမြှင့်ခြင်း**

ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းခဲ့သည့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်တိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

**ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း (၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "အကြောင်းပြန်ကြားစာ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးသောဆိုသည့် စကားရပ်၏နောက်တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်ကို "ပြန်ကြားစာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အခန်း (၃) "ခွင့်ပြုမိန့်လျှောက်ထားခြင်း" ဆိုသော စကားရပ်ကို "အကြောင်းကြားစာပေးပို့တင်ပြခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အခန်း (၃)၊ ပုဒ်မ (၄) နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် ဆိုသည့် စကားရပ်နောက်တွင် "ခွင့်ပြုမိန့်ရရှိရန်" ဆိုသည့် စကားရပ်အစား "ကူညီဆောင်ရွက်ပေးနိုင်ရန်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "လျှောက်လွှာ" ဆိုသည့် စကားရပ်အစား "အကြောင်းကြားစာ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အနည်းဆုံး ငါးရက်ကြိုတင်ဆိုသည့် စကားရပ်နောက်တွင် "တင်ပြရမည်" ဆိုသည့် စကားရပ် အစား "ပေးပို့တင်ပြရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အခန်း (၄)၊ "ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း" ဆိုသော စကားရပ်ကို "အကြောင်းကြားစာအား ကူညီဆောင်ရွက်ခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အခန်း (၄)၊ ပုဒ်မ (၅) အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေဆိုသည့် စကားရပ်နောက်တွင် "ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထား" ဆိုသည့် စကားရပ်အစား "ပေးပို့တင်ပြလာသော အကြောင်းကြား" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ ဆိုသည့် စကားရပ်နောက်တွင် "အတည်ပြုချက်" ဆိုသည့် စကားရပ်အစား "အကူအညီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုး၍ "ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ သို့ရာတွင်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်ဆိုသည့် စကားရပ်နောက်တွင် "လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရ" ဆိုသည့် စကားရပ်အစား "စေရန် အကြောင်းကြားစာပေးပို့သူ နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားများကဖြစ်စေ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်နှင့်ဖြစ်စေ ညှိနှိုင်းဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ပေးရမည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၇။ အခန်း (၄)၊ ပုဒ်မ (၆) တွင် ပုဒ်မ (၅) အရ ဆိုသည့် စကားရပ်နောက်တွင် "ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့" ဆိုသည့် စကားရပ်အစား "ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှု အခြေအနေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အခန်း (၄)၊ ပုဒ်မ (၇) ပုဒ်မခွဲ (က) တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "အကြောင်းပြန်ကြားစာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်ဆိုသည့် စကားရပ်နောက်တွင် "ရန် ခွင့်ပြု" ဆိုသော စကားရပ်ကို ပယ်ဖျက်ရမည်။ အနည်းဆုံး ၄၈ နာရီကြိုတင်၍ သက်ဆိုင်ရာ ဆိုသည့် စကားရပ်နောက်တွင် "လျှောက်ထားသူ" ဆိုသည့် စကားရပ်အစား "အကြောင်းကြားစာပေးပို့သူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အခန်း (၄)၊ ပုဒ်မ (၇) ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၁၀။ အခန်း (၄)၊ ပုဒ်မ (၈) တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "အကြောင်းပြန်ကြားစာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ အခန်း (၄) ပုဒ်မ (၉) ကို ပယ်ဖျက်ရမည်။

၁၂။ အခန်း (၅) ပုဒ်မ (၁၀) တွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်စပ်လျဉ်း၍ဆိုသည့် စကားရပ်၏နောက်တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "အကြောင်းပြန်ကြားစာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ အခန်း (၅) ပုဒ်မ (၁၁) တွင် အနှောင့်အယှက်မဖြစ်စေရေးအတွက်ဆိုသည့် စကားရပ်၏နောက်တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "အကြောင်းပြန်ကြားစာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ အခန်း (၅) ပုဒ်မ (၁၂) ပုဒ်မခွဲ (ဠ) ကို "ခွင့်ပြုမိန့် ရုပ်သိမ်းခြင်းခံရပါက" ဆိုသည့် စကားရပ်အစား "ဤဥပဒေ အခန်း (၅) ပုဒ်မ ၁၀/၁၁/၁၂ ပါ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ အခန်း (၆) ပုဒ်မ (၁၃) တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "အကြောင်းပြန်ကြားစာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ အခန်း (၆) ပုဒ်မ (၁၄) ပုဒ်မခွဲ (က) တွင် ဤဥပဒေပါ စည်းကမ်း သို့မဟုတ် ဆိုသည့် စကားရပ်နောက်တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "အကြောင်းပြန်ကြားစာ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ အခန်း (၆) ပုဒ်မ (၁၅) တွင် ငြိမ်းချမ်းစွာစုဝေးခြင်းဆိုသည့် စကားရပ်၏နောက်တွင် "ခွင့်ပြုမိန့်ကိုသော်လည်းကောင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ခွင့်ပြုမိန့်ကိုသော်လည်းကောင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်၍ "ကို" ဟူသော စကားရပ်ကို အစားထိုးရမည်။

၁၈။ အခန်း (၆) ပုဒ်မ (၁၆) တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "ငြိမ်းချမ်းစွာစုဝေးခြင်း" ဆိုသည့် စကားရပ်ကို အစားထိုးရမည်။

၁၉။ အခန်း (၇) ပုဒ်မ (၁၇) တွင် မည်သူမဆို ဆိုသည့် စကားရပ်နောက်တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "အကြောင်းပြန်ကြားစာ" ဆိုသည့် စကားရပ်ကို အစားထိုးရမည်။

၂၀။ အခန်း (၇) ပုဒ်မ (၁၈) ကို ပယ်ဖျက်ရမည်။

၂၁။ အခန်း (၈) ပုဒ်မ (၂၁) တွင် မည်သူမဆို ဆိုသည့် စကားရပ်နောက်တွင် "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်အစား "ဤဥပဒေ" ဆိုသည့် စကားရပ်ကို အစားထိုးရမည်။

၂၂။ အခန်း (၈) ပုဒ်မ (၂၃) တွင် "ခွင့်ပြုချက်" ဆိုသည့် စကားရပ်အစား "အကြောင်းကြားစာ" ဆိုသည့် စကားရပ်ကို အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**အမျိုးသားလွှတ်တော် တရုတ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၌ ဖွဲ့စည်းထားသော တရုတ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းတွင် အောက်ဖော်ပြပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ဦးလျှုကွယ်ရှိ | မဲဆန္ဒနယ်အမှတ် (၁၁)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် )

### လက်ထောက်ညွှန်ကြားရေးမှူးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသန့်ကျော်အား မိသားစုကျန်းမာရေး၊ လူမှုရေးအခက်အခဲများကြောင့် နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏လျှောက်ထားချက်နှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

အမှတ် ၇၃ ။ ။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၁၃) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ စာတည်း လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်မြအေးကြည်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၇၄ ။ ။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၁၃) မှ သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲမှ စာပေစိစစ်ရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်မြမြအေးအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

အမှတ် ၇၅ ။ ။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၁၃) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းထုတ်လွှင့်ရေးဌာနခွဲမှ ဦးစီးအရာရှိ (ရုပ်မြင်တွဲဖက်) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်ချိုချိုခိုင်အား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နာမကျန်းပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၇၆ ။ ။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၁၃) ၏ သဘောတူညီချက်အရ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဌာနခွဲမှူး (အသံ) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးစံလှိုင်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်မှ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်လိုက်သည်။

အမှတ် ၇၇ ။ ။ အဆိုပါ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံတော်သမ္မတရုံး

## သမ္မတရုံးဝန်ကြီးဌာန (၁)

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

### သမ္မတရုံးဝန်ကြီးဌာန (၁) စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၁) ၏ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတော်အကြီးအကဲများ၏

လမ်းညွှန်မှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန် **သမ္မတရုံးဝန်ကြီးဌာန (၁) စီမံခန့်ခွဲရေးကော်မတီ**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဦးသိန်းညွန့် ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၁)

(ခ) ဦးသန့်ရှင်း အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၁)

(ဂ) ဒေါက်တာဝင်းမြင့် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၁)

(ဃ) ဦးစိုးရန်နိုင် အဖွဲ့ဝင်
ရုံးအဖွဲ့မှူး
သမ္မတရုံးဝန်ကြီးဌာန (၁)

(င) ဦးမျိုးဝင်းအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သမ္မတရုံးဝန်ကြီးဌာန (၁)

(စ) ဦးဝင်းရွှေ အတွင်းရေးမှူး
ဒုတိယရုံးအဖွဲ့မှူး
သမ္မတရုံးဝန်ကြီးဌာန (၁)

၂။ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဝန်ကြီးဌာနရှိ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်။

(ခ) ဝန်ကြီးဌာန ရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ ပစ္စည်းဝယ်ယူခြင်းကိစ္စများအား ဈေးနှုန်းများ စိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များ အရအသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်။

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

(ဃ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စများ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးစိစစ်ကြပ်မတ်ရန်။

(င) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကော်မတီများမှ ညွှန်ကြားချက်များအား ထပ်မံရှင်းလင်းခြင်းများကို ကြပ်မတ်ဆောင်ရွက်ရန်။

ဦးသိန်းညွန့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သမ္မတရုံးဝန်ကြီးဌာန (၁)၊
နိုင်ငံတော်သမ္မတရုံး။

**[ ယခင်အပတ် ဧရာဝတီတိုင်းဒေသကြီး လမ်းများ၊ တံတားများဥပဒေ (မူကြမ်း) မှ အဆက် ]**

၅။ အစိုးရအဖွဲ့သည် လုပ်ထုံးလုပ်နည်းနှင့်အညီ -

(က) အသုံးပြုခကောက်ခံရမည့် လမ်းနှင့်တံတားကို သတ်မှတ်နိုင်သည်။

(ခ) အသုံးပြုခကောက်ခံရန် နှုန်းထား သတ်မှတ်နိုင်သည်။

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့် ဝန်အလေးချိန်ကို သတ်မှတ်နိုင်သည်။

(ဃ) အသုံးပြုခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆။ ကြီးကြပ်သူသည် -

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်။

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၇။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။

## အခန်း (၄)
## တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသို့ နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၊ တံတားများ အသစ်ဖောက်လုပ်တည်ဆောက်ရေးအတွက် လမ်းအူကြောင်း ရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ၏ နယ်နိမိတ်အတွင်း သစ်ပင်များစိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏ လမ်းပခုံးသားအကျယ် သတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ တိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့်ယာဉ်နှင့် ဘီးအမျိုးအစားကိုလည်းကောင်း၊ ယာဉ်နှင့်ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ ယာဉ်နှင့်လှည်းတွင် အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် လှည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ ပျက်စီးမှုမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဌ) တိုင်းဒေသကြီးအတွင်းရှိ လမ်းကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်း၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(ဍ) တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်းနှင့်တံတားဂိတ်များတွင် သတ်မှတ်ထားသောယာဉ်နှင့် ဝန်တင်အလေးချိန်ကို စစ်ဆေးသည့်အခါ မရိုးမဖြောင့်သောသဘောဖြင့် လမ်းနှင့်တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့်ယာဉ်များ၊ တန်ပိုတင်ဆောင်ထားသည့်ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အရေးယူခြင်း။

၉။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်အချို့ကို ဆောင်ရွက်ရန် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား တာဝန်ပေးနိုင်သည်။

## အခန်း (၅)
## တားမြစ်ချက်များ

၁၀။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရ။

၁၁။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရ။

၁၂။ တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း - တံတားဂိတ်များတွင် မရိုးမဖြောင့်သော သဘောဖြင့် လမ်း - တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်းနှင့် တန်ပိုတင်ဆောင်လာကာ ယာဉ်ယယ်များဖြင့် ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်းတို့မပြုရ။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၃။ အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူကို ပေးဆောင်ရန်ပျက်ကွက်လျှင် အစိုးရအဖွဲ့၏ သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးပြုခနှင့်ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၄။ မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ် ကျခံစေရမည်။

၁၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း။

၁၈။ မည်သူမဆို အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခြင်းမပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်၊ သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(င) တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းကောက်ခံသည့် လမ်း/တံတားဂိတ်များတွင် မရိုးမဖြောင့်သောသဘောဖြင့် လမ်း/တံတားအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်း၊ တန်ပိုတင်ဆောင်လာခြင်းအား ယာဉ်ငယ်များဖြင့် ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်း။

၁၉။ မည်သူမဆို အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ပျက်စီးခြင်းမှ ကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများတွင် လှည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်စေမည့်ပစ္စည်းကို တမင်ထားရှိခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း။

## အခန်း (၇)

## အထွေထွေ

၂၀။ အစိုးရအဖွဲ့လက်အောက်ရှိ အခြားဝန်ကြီးဌာနအဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ တိုင်းဒေသကြီး၏လမ်းကို ဖြတ်သန်း၍ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၂၁။ အသုံးပြုခနှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အများပြည်သူသိရှိနိုင်စေရန် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၂။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ မထုတ်ပြန်မီ The Highways Act, 1907 အရ ထုတ်ပြန်ထားသောနည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ခ) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

# မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းဆိုင်ရာဥပဒေ

**( ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅။ )**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ - ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်း ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကျောက်မျက်ရတနာ**ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ စလင်းတူကျောက်၊ ဥဒေါင်း၊ မျော၊ အညို့နီလာ၊ နဂါးသွဲ့၊ ကျွန်စစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ သို့မဟုတ် နက်ဖရိုက်ကို ဆိုသည်။ ယင်းစကားရပ်တွင် စလင်းအုပ်စု၌ပါဝင်သော ရတနာ တန်းဝင်ကျောက်များလည်း ပါဝင်သည်။ ထို့ပြင် ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကျောက်မျက် ရတနာဟု သတ်မှတ်သည့်ပစ္စည်းများကို ဆိုသည်။

(စ) **ကျောက်မျက်ရတနာအရိုင်း**ဆိုသည်မှာ သဘာဝအတိုင်းရှိနေသော ကျောက်မျက်ရတနာ အရိုင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ခွဲစိတ်ဖြတ်တောက်ပြီးသော ကျောက်မျက်ရတနာ အရိုင်းတုံးအပိုင်းအစများလည်း ပါဝင်သည်။

(ဆ) **ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းလုပ်ငန်း**ဆိုသည်မှာ ကျောက်မျက်ရတနာ အရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကျောက်မျက်ရတနာ အချောထည် ပြုလုပ်သည့်လုပ်ငန်းကို ဆိုသည်။

(ဇ) **လက်ဝတ်ရတနာ**ဆိုသည်မှာ ကျောက်မျက်ရတနာ အချောထည်ပါရှိသည့် လက်ဝတ်ရတနာကို ဆိုသည်။

(ဈ) **လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်း**ဆိုသည်မှာ ကျောက်သွေး၊ ကျောက်ဖြတ်ခြင်းဖြင့် ဖြစ်ပေါ် လာသည့် ကျောက်မျက်ရတနာအချောထည်ကို လူအများ အဆင်တန်ဆာအဖြစ် လက်ဝတ်ရတနာ ပြုလုပ်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(ည) **လိုင်စင်**ဆိုသည်မှာ ကျောက်ဖြတ်၊ ကျောက်သွေးခြင်းဖြင့် ကျောက်မျက်ရတနာအချောထည် ပြုလုပ်ခြင်းလုပ်ငန်း သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဋ) **တစ်ပိုင်တစ်နိုင်လုပ်ငန်း**ဆိုသည်မှာ လက်သုံးကိရိယာ၊ စက်ကိရိယာကိုအသုံးပြု၍ မိသားစု စားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့်လုပ်ငန်းကို ဆိုသည်။

(ဌ) **အသေးစားလုပ်ငန်း**ဆိုသည်မှာ စက်ကိရိယာကိုအသုံးပြု၍ အမြတ်အစွန်းရရှိရန်နှင့် အကျိုးစီးပွား ဖြစ်ထွန်းစေရန် ရည်ရွယ်လုပ်ကိုင်သော အကြီးစားမဟုတ်သည့်လုပ်ငန်းကို ဆိုသည်။

(ဍ) **အကြီးစားလုပ်ငန်း**ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်ကျစရိတ် အများအပြား စိုက်ထုတ်ပြီး နည်းပညာရပ်နှင့် နည်းစနစ်များ၊ အကြီးစားစက်ကိရိယာများအသုံးပြုသည့် စီးပွားရေးလုပ်ငန်း အဖြစ် ဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

(ဎ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများကို ကြီးကြပ်သည့် လုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဏ) **လိုင်စင်ခ**ဆိုသည်မှာ ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းလုပ်ငန်း သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းအတွက် ဤဥပဒေအရ ကောက်ခံသည့်အခွန်အခကို ဆိုသည်။

(တ) **လိုင်စင်ရရှိသူ**ဆိုသည်မှာ ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းလုပ်ငန်း သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းဝယ်ခြင်းဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) မြန်မာ့ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာတန်ဖိုးများကို နိုင်ငံတကာတန်ဖိုး၊ စံနှုန်းများနှင့်အညီ ရရှိခံစားနိုင်စေရန်၊

(ဂ) ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများကို ခေတ်မီနည်းပညာများဖြင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာစေရန် ပံ့ပိုးကူညီခြင်း၊ လုပ်ငန်းလုပ်ကိုင်ရန်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာစေရန်နှင့် တိုင်းဒေသကြီးဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော လိုင်စင်ခများ ရရှိစေရန်၊

(ဃ) မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ပေးဆောင်ထားခြင်းမရှိသည့် တရားမဝင်ကျောက်မျက်ရတနာအရိုင်းမှ အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်းတို့ကို ကာကွယ်တားဆီးနိုင်ရန်။

## အခန်း (၃)
## ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ လိုင်စင်ထုတ်ပေးခြင်း

၄။ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်း လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများ၏ အမျိုးအစားသတ်မှတ်ခြင်း၊ လိုင်စင်သက်တမ်းနှင့် လိုင်စင်ခသတ်မှတ်ခြင်းတို့ကို နည်းဥပဒေများတွင် ထည့်သွင်းသတ်မှတ်ရမည်။ သတ်မှတ်ချက်များနှင့်အညီ ယင်းလုပ်ငန်းများကို လုပ်ကိုင်လိုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၅။ ဝန်ကြီးဌာနသည် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်ကို လက်ခံရရှိလျှင် စိစစ်ပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်း၊ အသေးစားလုပ်ငန်း၊ အကြီးစားလုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်ကို ထုတ်ပေးနိုင်သည် သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၆။ အကြီးစားလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အတွက် ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရယူပြီးမှသာ လုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်ကို ထုတ်ပေးရမည်။ အကြီးစားလုပ်ငန်းသည် မြန်မာနိုင်ငံသား

ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်ရပ်တွင် အကျုံးဝင်နေပါက ဝန်ကြီးဌာနသည် အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် အကျုံးဝင်သက်ဆိုင်ကြောင်း စိစစ်ဆုံးဖြတ်ပါက ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ သဘောတူခွင့်ပြုနိုင်သည်။

## အခန်း (၄)
## လိုင်စင်ရရှိသူ၏တာဝန်နှင့်အခွင့်အရေးများ

၇။ လိုင်စင်ရရှိသောကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်တွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ဤဥပဒေအရ သတ်မှတ်ထားသောလိုင်စင်ခကို ပေးဆောင်ရမည်။

(ဃ) ရရှိထားသောလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

(င) လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၃) လ ကြိုတင်၍ လိုင်စင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်။

(စ) လိုင်စင်ရရှိထားသည့်လုပ်ငန်းအား ရပ်စဲလိုပါက လုပ်ငန်းရပ်စဲခြင်းမပြုမီ (၁) လ ကြိုတင်၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ လုပ်ငန်းဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သော လုပ်ငန်းသုံးစက်ကိရိယာများကို တင်သွင်းခွင့်ရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဥပဒေနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

၉။ လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ဥပဒေအရ အခွင့်အရေးနှင့် အကာအကွယ်များ အပြည့်အဝခံစားရရှိခွင့်ရှိသည်။

## အခန်း (၅)
## လုပ်ငန်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၀။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော လုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေး နိုင်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဦးစီးမှူး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်နှင့် လက်ဝတ်ရတနာဆိုင်ရာ ပညာရှင် (၁) ဦး | အဖွဲ့ဝင် |
| (ဃ) | ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်း အတွေ့အကြုံရှိသူ လုပ်ငန်းရှင် (၁) ဦး | အဖွဲ့ဝင် |
| (င) | အစိုးရအဖွဲ့က တာဝန်ပေးအပ်သူ | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး၊ ကျောက်မျက်ရတနာတူးဖော်ရေးဌာန မန္တလေးမြို့ | အတွင်းရေးမှူး |
| (ဆ) | စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် | တွဲဖက်အတွင်းရေးမှူး |

ကော်မတီ၏သက်တမ်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၂) နှစ်လျှင်တစ်ကြိမ် ပြန်လည်ဖွဲ့စည်းရမည်။

၁၁။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းအပေါ် ဝန်ကြီးဌာနမှ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဃ) ရတနာခွန်ပေးဆောင်ထားခြင်းမရှိသော တရားမဝင် ကျောက်မျက်ရတနာအရိုင်းများမှ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာ ထုတ်လုပ်ခြင်းမပြုနိုင်စေရန်အတွက် စိစစ်ခြင်း၊ ကာကွယ်တားဆီးခြင်း၊

(င) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၂။ ဝန်ကြီးဌာနသည် ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းလုပ်ငန်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းတို့အား လုပ်ငန်းလိုအပ်ချက်အရ စစ်ဆေးဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

| | | |
|---|---|---|
| (က) | လက်ထောက်ညွှန်ကြားရေးမှူး၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မန္တလေး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဂ) | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (င) | အလုပ်ရုံ၊ အလုပ်သမားစစ်ဆေးရေးဦးစီးဌာနမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (စ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

၁၃။ စစ်ဆေးရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ လိုင်စင်ပါ စည်းကမ်းချက်များကိုလည်းကောင်း လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းလုပ်ငန်း သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးဖြစ်သည့် တရားဝင်ကျောက်မျက်ရတနာအရိုင်းမှ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဖြင့် အချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းအပေါ် စစ်ဆေးခြင်း၊ လိုအပ်သောအထောက်အထားများကို လိုင်စင်ရရှိသူထံမှ တောင်းယူစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) လုပ်ငန်းမှဖြစ်ပေါ်လာနိုင်သော ဘေးထွက်ဆိုးကျိုးများကြောင့် ပတ်ဝန်းကျင်ထိခိုက်နစ်နာမှု၊ အနှောင့်အယှက်ဖြစ်မှု ဖြစ်ပေါ်စေခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(င) ဝန်ကြီးဌာနက လုပ်ငန်းလိုအပ်ချက်အရ အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၇)
## လုပ်ငန်းခွင်မှ ဝန်ထမ်း၊ အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်း

၁၄။ လိုင်စင်ရရှိသူသည် လိုင်စင်ပါလုပ်ငန်းကို ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ရှိ လုပ်ငန်းလုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်ရမည်။

၁၅။ လုပ်ငန်းခွင်တွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများနှင့်လိုင်စင်ရရှိသူတို့အကြား အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက သက်ဆိုင်ရာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၆။ လိုင်စင်ရရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လိုင်စင်ရရှိသူအား ထုချေတင်ပြခွင့်ပေးပြီးနောက် ဝန်ကြီးသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) လိုင်စင်ဖြင့်လုပ်ကိုင်နေသောလုပ်ငန်းကို ကာလသတ်မှတ်၍ ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၉)
## အယူခံခြင်း

၁၇။ (က) ဤဥပဒေအရ ဝန်ကြီးက စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သောအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ဝန်ကြီးကချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် ( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
### ကြေညာချက်အမှတ် (၃၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

### နေပြည်တော်မြောက်ပိုင်းခရိုင် (ဥတ္တရခရိုင်) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် နေပြည်တော်မြောက်ပိုင်းခရိုင် (ဥတ္တရခရိုင်) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမြင့်သိန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးသောင်းစိန်ဦး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်အောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (င) | ဦးတင်ဝင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းမြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဆ) | ခရိုင်ဦးစီးဌာနမှူး<br>ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဇ) | ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး<br>ကျန်းမာရေးဦးစီးဌာန | | အဖွဲ့ဝင် |

(ဈ) ခရိုင်ဥပဒေအရာရှိ — အဖွဲ့ဝင်
ခရိုင်ဥပဒေရုံး

(ည) ခရိုင်ပညာရေးမှူး — အဖွဲ့ဝင်
ခရိုင်ပညာရေးမှူးရုံး

(ဋ) ခရိုင်စာရင်းစစ်အရာရှိ — အဖွဲ့ဝင်
ခရိုင်စာရင်းရုံး

(ဌ) ခရိုင်မန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

(ဍ) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဎ) အမှုဆောင်အရာရှိ — အဖွဲ့ဝင်
ခရိုင်စည်ပင်သာယာရေးဦးစီးဌာန

(ဏ) ဦးစီးအရာရှိ — အတွင်းရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ရန်ဖြစ်သည်။

၃။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

## ကြေညာချက်အမှတ် (၃၃/၂၀၁၃)

## နေပြည်တော်တောင်ပိုင်းခရိုင် (ဒက္ခိဏခရိုင်) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် နေပြည်တော်တောင်ပိုင်းခရိုင် (ဒက္ခိဏခရိုင်) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမြင့်ဦး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုးမြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်ဇော် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဃ) | ဦးကိုကိုကြီး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (င) | ဦးညွန့်စီ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းအောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |

(ဆ) ခရိုင်ဦးစီးဌာနမှူး အဖွဲ့ဝင်
ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဇ) ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး အဖွဲ့ဝင်
ကျန်းမာရေးဦးစီးဌာန

(ဈ) ခရိုင်ဥပဒေအရာရှိ အဖွဲ့ဝင်
ခရိုင်ဥပဒေရုံး

(ည) ခရိုင်ပညာရေးမှူး အဖွဲ့ဝင်
ခရိုင်ပညာရေးမှူးရုံး

(ဋ) ခရိုင်စာရင်းစစ်အရာရှိ အဖွဲ့ဝင်
ခရိုင်စာရင်းရုံး

(ဌ) ခရိုင်မန်နေဂျာ အဖွဲ့ဝင်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

(ဍ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဎ) အမှုဆောင်အရာရှိ အဖွဲ့ဝင်
ခရိုင်စည်ပင်သာယာရေးဦးစီးဌာန

(ဏ) ဦးစီးအရာရှိ အတွင်းရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ရန်ဖြစ်သည်။

၃။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ပါသည်။

အမိန့်အရ

မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**[ ယခင်အပတ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃၊ Master and Deck Department နှင့် Engine Department တို့အတွက် ပင်လယ်ပြင်လုပ်သက်တွက်ချက်ခြင်းဆိုင်ရာနည်းလမ်းများနှင့် ပတ်သက်သည့်လမ်းညွှန်ချက်များမှအဆက် ]**

(G) **Sporadic use of main propelling machinery**

(1) Service performed in ships where for considerable periods the main propelling machinery is not used, is reckoned as one and a half times the number of days actually spent under way, but in no case can it exceed the time served under a crew agreement. In such cases candidates will be

required to produce, in addition to the evidence of seagoing service state the number of days actually spent under way with the main propelling machinery in full use.

(2) Service performed in laid up ships for considerable periods the main propelling machinery is not used, is reckoned as one and a half times the number of days serve on auxiliaries run independently of the main propulsion machinery, but in no case can it exceed the time served under a crew agreement. In such cases candidates will be required to produce, in addition to the evidence of service onboard stated the number of days actually served on auxiliary machinery.

(H) **Service in deep sea fishing or seagoing tugs** For holder of seagoing service performed exclusively in trawlers and other deep sea fishing vessels or in seagoing tugs will count at two-third rate towards qualifying seagoing service for Certificate of Competency as Officer in charge of Engineering Watch (OEW) or Certificate of Proficiency as Engine room Rating.

(I) **Service in pilot vessels or lighthouse tenders** Service performed in pilot vessels or in lighthouse tenders will count at hale rate towards qualifying seagoing service for Certificate of Competency as Officer in charge of Engineering Watch (OEW) or Certificate of Proficiency as Engine room Rating.

(J) **Service in non-trading vessels** Service in cable ships, fishery cruisers, research vessels, salvage vessels, navigational aids tenders and other vessels, propulsion power is greater than 3,000kW, engaged in similar activities will be counted in full if the time actually spent at sea constitutes or exceeds two-thirds of the total period of service on board ships. If the actual seagoing service falls below this proportion, one half times the actual seagoing service will be counted as qualifying seagoing service. Candidates will be required to produce, in addition to the evidence of seagoing service required of all candidates, a statement or certificate from the owners of the ship showing the amount of time actually spent at sea.

(K) **Service standing by a New Vessel during the final stages of construction,** provided that an officer holding Marine Engineer Officer Class III Certificate of Competency or Marine Engineer Officer Class II Certificate of Competency and subsequently serves in such a vessel on the maiden voyage, will count in full towards the qualifying seagoing service.

(L) **Service in ship propelled with steam or gas turbine** Service in ship propelled with steam or gas turbine shall count if full towards the qualifying seagoing service for Certificate of Competency (Motor), but in no case can it exceed half of the service required to qualify for the examination.

(M) **Testimonials** All applicants for certificates of competency must produce testimonials which should state the nature and seniority on work, type of propelling machinery, auxiliary and boiler. In addition, it will cover character, standards of behaviour including sobriety, experience, ability and conduct of applicant. Testimonial must be signed by Chief Engineer onboard and endorsed by the Master or Superintendent. Testimonials covering service as Chief Engineer are to be signed by responsible official of the employer.

(N) **Engine Trainees**

(1) The service claimed under approved training record book as an engine trainee will be accepted in accordance with qualified seagoing service requirement.

(2) Engine trainees must produce evidence that an approved training programme has been followed, and that all service while on board ship was performed in a satisfactory manner. Candidates who fail to produce satisfactory evidence that they have followed a training programme approved by the Department of Marine Administration (DMA) may be required to complete and additional period of seagoing service before being considered eligible for a certificate of competency or proficiency.

(O) **Training Ships** The time served after the age of 18 on board a recognized and approved Training Ship will be allowed to count at half rate as qualifying seagoing service. The candidate will produce a certificate from Training Master testifying to his good conduct and proficiency of the training subject to a given limit with onboard Training Record Book (TRB).

(P) **Service in Naval Ships**

(1) Naval Engineer Officers/Ex-Naval Engineer Officer who served in Naval Vessels of Type 'A' and Type 'B' which are recognized by Department of Marine Administration (DMA) with not less than 36 months seagoing service in the engine department on board ships proceeding to sea may be counted a qualified seagoing service for Officer in charge of Engineering Watch (OEW). Candidates will be required to complete seagoing service record from the Commander in Chief (Navy) Office.

(2) Ex-Naval Engine Rating who served in Naval Vessels of Type 'A' and Type 'B' which are recognized by Department of Marine Administration (DMA) with not less than 12 months seagoing service in the engine department on board ships proceeding to sea may be counted a qualified seagoing service for Rating Forming Part of an Engine Room Watch. Candidates will be required to complete seagoing service record from the Commander in Chief (Navy) Office.

(Q) **Verification of Service** Entries in a Continuous Discharge Certificates (CDC) supported by testimonials will be treated as evidence of sea service. Examiners will ensure that these discharges have not been tampered with in any way. Where service in charge of a watch is required, certificates of watch keeping service must also be produced. Where there are doubts about the sea service claimed or it cannot be verified as above, it will only be accepted upon written confirmation by some responsible person having personal knowledge of the facts to be established.

(R) **Calculation of Service** Sea service as entered in Continuous Discharge Certificates (CDC) will be reckoned by the calendar month that is the time included between any given day in any month and the preceding day of the following month, both inclusive. The number of complete months from the commencement of the period, ascertained in this way, should be computed, after which the number of odd days should be counted. The day on which the crew agreement commenced, as well as that on which it terminated, should

both be included, all leave of absence excluded and all odd days added together and reckoned at thirty days to the month.

(S) **Remission of Seagoing Service** The amount of qualifying sea service for certificates of competency may be reduced as follows:

(1) **Officer in-charge of an Engineering Watch** A candidate who has satisfactorily completed the Department of Marine Administration (DMA) approved education and training may be granted reduction of equal length and the same description as the sea service carried out during the training, provided that candidate's on-board Training Record book has been completed to the satisfaction of the Department of Marine Administration (DMA).

(2) Remission from the qualifying seagoing service requirements for Marine Engineer Officer Class I Certificate of Competency or Marine Engineer Officer Class II Certificate of Competency may be granted in respect of satisfactory attendance at certain short courses approved by the Department of Marine Administration (DMA). Courses which attract this remission must satisfy the criteria of:

(a) having maritime industrial application for improving the professional capabilities of engineer officers;

(b) there being industrial support;

(c) there being inspected and approved by the Department of Marine Administration (DMA); and

(d) attendance not being a mandatory requirement.

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

အမှတ် ၅၄၀ ။ ။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၃) ၏ သဘောတူညီချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၈၀ (ခ) (၈၃၂/၂၀၁၃) ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတို့အရ နေပြည်တော်ကောင်စီနယ်မြေတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင်တို့အား တစ်ခရိုင်လျှင် အရာထမ်းရာထူး (၂) နေရာ၊ အမှုထမ်းရာထူး (၃၂) နေရာ စုစုပေါင်းရာထူး (၃၄) နေရာဖြင့် (က) အဆင့်ခရိုင်များသို့လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်အား အရာထမ်းရာထူး (၁) နေရာ၊ အမှုထမ်းရာထူး (၄၅) နေရာ စုစုပေါင်းရာထူး (၄၆) နေရာဖြင့် (က) အဆင့် မြို့နယ်သို့လည်းကောင်း တိုးချဲ့ဖွဲ့စည်းခြင်းကို ထပ်ဆင့်အမိန့်ထုတ်ပြန်လိုက်သည်။

အမှတ် ၅၄၁ ။ ။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၃) ၏ သဘောတူညီချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၈၀ (ခ) (၈၃၃/၂၀၁၃) ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ

တို့အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ချင်းပြည်နယ်တွင် ဟားခါးခရိုင်အား ပြည်နယ်ညွှန်ကြားရေးမှူးမှ တိုက်ရိုက်အုပ်ချုပ်ခွင့်ပြုခြင်းနှင့် ဖလမ်းခရိုင်အား အရာထမ်း ရာထူး (၁) နေရာ၊ အမှုထမ်းရာထူး (၂၀) နေရာ စုစုပေါင်းရာထူး (၂၁) နေရာတို့ဖြင့် ခရိုင် (ဂ) အဆင့်သို့ တိုးချဲ့ဖွဲ့စည်းခြင်းကို ထပ်ဆင့်အမိန့်ထုတ်ပြန်လိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

### ညွှန်ကြားရေးမှူးချုပ်ရုံး

မန္တလေးမြို့၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

အမှတ် ၁၃၇ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၅/၂၀၁၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၃)/(၈၉၅/၂၀၁၃) နှင့် ညွှန်ကြားရေးမှူးချုပ်ရုံး၊ သစ်တောဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်စွဲပါ စာအမှတ်၊ စီမံ/၀ထ/၀၆၅/၁၄၁၀၀-၁၀၂/ ၂၀၁၃ တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ ဦးစီးအရာရှိ (အစမ်းခန့်) (၂) ဦးအား အစမ်းခန့်ကာလ (၆) လပြည့်မြောက်ပြီးသည့် ယှဉ်တွဲပါနေ့ရက်များမှစ၍ အမြဲတမ်းအတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိနေရာ | အတည်ပြုခန့်သည့်နေ့ |
|---|---|---|---|
| (၁) | ဦးတင်ထွဏ်း | လက်ထောက်ညွှန်ကြားရေးမှူးရုံး<br>ပခုက္ကူခရိုင်၊ မကွေးတိုင်းဒေသကြီး | ၂၃-၁၁-၂၀၁၁ |
| (၂) | ဦးခန့်ကြည် | ညွှန်ကြားရေးမှူးရုံး<br>မကွေးတိုင်းဒေသကြီး | ၂၃-၁၁-၂၀၁၁ |

ငွေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## မြန်မာ့သစ်လုပ်ငန်း

### ဦးဆောင်ညွှန်ကြားရေးမှူးရုံး

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

အမှတ် ၁၃၂ ။ ။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၆/၂၀၁၃) ကြိမ်မြောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး

ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနမှ လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး) ဦးကျော်ဦးအား မန်နေဂျာ (ဘဏ္ဍာရေး) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ရုံးချုပ်တွင် တာဝန်ချထားလိုက်သည်။

အမှတ် ၁၃၃ ။ ။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၆/၂၀၁၃) ကြိမ်မြောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ လက်ထောက်မန်နေဂျာ ဦးကျော်နိုင်ဦးအား မန်နေဂျာ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် အမှတ် (၂-က) ပုံဖော်စက်ရုံ၊ အမရပူရတွင် တာဝန်ချထားလိုက်သည်။

အမိန့်အရ

ကိုကိုလွင်၊
အထွေထွေမန်နေဂျာ (စီမံရေး)၊
မြန်မာ့သစ်လုပ်ငန်း။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

အမှတ် ၂၉၆ ။ ။ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူး ဒေါ်နီလာထွန်း (၉၀၀၀) အား ယင်းရုံးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်ရက်မှစ၍ စာရင်းစစ်အရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်အပ်လိုက်သည်။

ဤရုံး၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၆၄ အမှတ်စဉ် (၄၄) ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

ခင်စန်းဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၃-၁၂-၂၀၁၃။